# ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေ

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃။ )

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်

( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်၊ စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ထုတ်ပြန်ကြေညာပြီး တစ်နှစ်ပြည့်မြောက်ပြီးသည့်နေ့ရက်မှစတင်၍ အာဏာတည်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

( ခ ) **ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း** ဆိုသည်မှာ ခရီးသည်ကိုဖြစ်စေ၊ ကုန်စည်ကိုဖြစ်စေ၊ ခရီးသည်နှင့်ကုန်စည်နှစ်မျိုးလုံးကိုဖြစ်စေ ကုန်းလမ်းဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူက စီးပွားရေးအလို့ငှာ ငှားရမ်းခ၊ သယ်ယူပို့ဆောင်ခ သို့မဟုတ် အကျိုးကျေးဇူးတစ်ခုခုအတွက် သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်တစ်စီးကိုသော်လည်းကောင်း၊ တစ်စီးထက်ပို၍သော်လည်းကောင်း အသုံးပြု၍ သယ်ယူပို့ဆောင်သော လုပ်ငန်းကိုဆိုသည်။ ယင်းစကားရပ်တွင် တစ်ဦးတစ်ယောက်သောသူက ဆောင်ရွက်သော ကုန်သွယ်မှု သို့မဟုတ် စီးပွားရေးကိစ္စတစ်ခုခုနှင့်စပ်လျဉ်း၍ သယ်ယူပို့ဆောင်သော လုပ်ငန်းလည်း ပါဝင်သည်။

( ဂ ) **သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်** ဆိုသည်မှာ ခရီးသည်ကို ဖြစ်စေ၊ ကုန်စည်ကိုဖြစ်စေ၊ ခရီးသည်နှင့် ကုန်စည်နှစ်မျိုးလုံးကိုဖြစ်စေ စီးပွားရေးကိစ္စအလို့ငှာ အများပြည်သူသွားလာသည့် လမ်းများပေါ်တွင် သယ်ယူပို့ဆောင်ရေးအတွက် စက်အား၊ လျှပ်စစ်အား သို့မဟုတ် အခြားစွမ်းအင်တစ်မျိုးမျိုးကို အသုံးပြု၍ မောင်းနှင်သော မော်တော်ယာဉ်ကိုသော်လည်းကောင်း၊ ဆွဲငင်သောမော်တော်ယာဉ်၊ ဝန်ဆွဲမော်တော်ယာဉ် သို့မဟုတ် နောက်တွဲတစ်ခုခုကိုသော်လည်းကောင်း ဆိုသည်။

(ဃ) **သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ** ဆိုသည်မှာ ကုန်းလမ်းတွင် သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ်တစ်မျိုးမျိုးဖြင့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သူကို ဆိုသည်။

(င) **ဒေသဆိုင်ရာသဘောတူစာချုပ်** ဆိုသည်မှာ နိုင်ငံတော်က စာချုပ်ဝင်နိုင်ငံအဖြစ် ပါဝင်သော ဒေသအတွင်းခရီးသည်ကိုဖြစ်စေ၊ ကုန်စည်ကိုဖြစ်စေ၊ ခရီးသည်နှင့်ကုန်စည် နှစ်မျိုးလုံးကိုဖြစ်စေ စာချုပ်ဝင်နိုင်ငံ တစ်နိုင်ငံနှင့်တစ်နိုင်ငံ နယ်စပ်ဖြတ်ကျော်ပြီး သယ်ယူပို့ဆောင်ခြင်းဆိုင်ရာ သဘောတူစာချုပ်ကို ဆိုသည်။ ယင်းစကားရပ်တွင် အဆိုပါ သဘောတူစာချုပ်၏ နောက်ဆက်တွဲစာချုပ်များနှင့် ပရိုတိုကောလ်များ ပါဝင်သည်။

(စ) **စာချုပ်ဝင်နိုင်ငံ** ဆိုသည်မှာ ဒေသဆိုင်ရာ သဘောတူစာချုပ်၏ အဖွဲ့ဝင်နိုင်ငံကို ဆိုသည်။

(ဆ) **အထူးငွေကြေးထုတ်ယူပိုင်ခွင့်ယူနစ်** ဆိုသည်မှာ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က အထူးငွေကြေးထုတ်ယူပိုင်ခွင့်ယူနစ်ဆိုသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အညီ ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေများအရ ငွေကြေးထုတ်ယူခြင်းအတွက် အထူးသတ်မှတ်ထားသည့် ငွေကြေးစနစ်တစ်ခုကို ဆိုသည်။

(ဇ) **ကြိုတင်မမျှော်မှန်းနိုင်သောအခြေအနေ** ဆိုသည်မှာ သဘာဝဘေးအန္တရာယ် အပါအဝင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူက ကြိုတင်၍သိမြင်နိုင်မှုနှင့် ရှောင်လွှဲနိုင်မှု မရှိသည့်အပြင် ဖြစ်ပေါ်လာသော အကျိုးဆက်ကို ကာကွယ်နိုင်မှု သို့မဟုတ် ထိန်းချုပ်မှု မပြုနိုင်ခြင်းကြောင့် ထိခိုက်မှု၊ ဆုံးရှုံးမှု သို့မဟုတ် နှောင့်နှေးကြန့်ကြာမှုဖြစ်ပေါ်ရသော အခြေအနေကို ဆိုသည်။

(ဈ) **လုပ်ငန်းလိုင်စင်** ဆိုသည်မှာ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူအား ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း အမျိုးအစားအလိုက် ဦးစီးဌာနက ထုတ်ပေးသော စာတမ်းအမှတ်အသားကို ဆိုသည်။

(ည) **ခွင့်ပြုချက်** ဆိုသည်မှာ အခြားစာချုပ်ဝင်နိုင်ငံမှ နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်သူက ပြည်တွင်းသို့ ခရီးသည်များကိုဖြစ်စေ၊ ကုန်စည်များကိုဖြစ်စေ၊ ခရီးသည်နှင့် ကုန်စည်နှစ်မျိုးလုံးကိုဖြစ်စေ ယာယီဝင်ရောက်ခွင့်အတွက်သော်လည်းကောင်း၊ နိုင်ငံတော်မှတစ်ဆင့် ဖြတ်သန်း၍ သယ်ယူပို့ဆောင်ခွင့်အတွက် သော်လည်းကောင်း ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုချက်ကို ဆိုသည်။

(ဋ) **အခကြေးငွေ** ဆိုသည်မှာ ဤဥပဒေအရ ကောက်ခံသည့် လုပ်ငန်းလိုင်စင်ခ၊ လုပ်ငန်းလိုင်စင်သက်တမ်းတိုးမြှင့်ခ၊ ခွင့်ပြုချက်အတွက်ဝန်ဆောင်ခနှင့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာ အခြားအခကြေးငွေများကို ဆိုသည်။

(ဌ) **အမျိုးသားကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ကုန်းလမ်းသယ်ယူပို့ဆောင်မှု လျှင်မြန်ချောမွေ့စေရေး အမျိုးသားကော်မတီကို ဆိုသည်။

(ဍ) **ဒေသဆိုင်ရာကြီးကြပ်ကွပ်ကဲရေးအဖွဲ့** ဆိုသည်မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ကို ဆိုသည်။

(ဎ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ရထားပို့ဆောင်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဏ) **ဦးစီးဌာန** ဆိုသည်မှာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

(တ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာန** ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

(ထ) **ခရိုင်ဦးစီးဌာန** ဆိုသည်မှာ ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

(ဒ) **မြို့နယ်ဦးစီးဌာန** ဆိုသည်မှာ မြို့နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

(ဓ) **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးဌာန** ဆိုသည်မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်အတွင်း ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စနစ်တကျ ကြီးကြပ်ကွပ်ကဲ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊

(ခ) နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေးနှင့် လမ်းပန်းဆက်သွယ်မှု တိုးတက်စေရန်အတွက် ပုဂ္ဂလိကခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလိုအပ်ချက်များအား ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးရန်၊

(ဂ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများစနစ်တကျရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေနှင့်အညီ လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်၍ ပြဋ္ဌာန်းဆောင်ရွက်နိုင်ရန်၊

(ဃ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးကဏ္ဍမှ ပတ်ဝန်းကျင်ထိန်းသိမ်းမှုကို ထိခိုက်စေနိုင်သည့်အကြောင်းများ လျော့ပါးစေရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နိုင်ရန်၊

(င) မော်တော်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊

(စ) နယ်စပ်ဖြတ်ကျော်၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသဆိုင်ရာ သဘောတူစာချုပ်ပါ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ချောမွေ့စွာ ဆောင်ရွက်နိုင်ရန်။

## အခန်း (၃)

## အမျိုးသားကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) ဤဥပဒေပါ ရည်ရွယ်ချက်များနှင့် ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>ရထားပို့ဆောင်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဒုတိယဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဒုတိယဝန်ကြီး<br>ရထားပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့အသီးသီးမှ<br>ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဆိုင်ရာဝန်ကြီးများ | အဖွဲ့ဝင် |

(၁၂) သက်ဆိုင်ရာကုန်းလမ်းသယ်ယူပို့ဆောင်ရေးဆိုင်ရာ အဖွဲ့အစည်းမှ ကိုယ်စားလှယ်များ — အဖွဲ့ဝင်

(၁၃) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ကျွမ်းကျင်သူပညာရှင်များ — အဖွဲ့ဝင်

(၁၄) ညွှန်ကြားရေးမှူးချုပ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန — အတွင်းရေးမှူး

( ခ ) ကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်တွင်းနှင့်နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့်လွယ်ကူချောမွေ့ အဆင်ပြေရေး တို့အတွက် မူဝါဒများချမှတ်ခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

( ခ ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လွယ်ကူချောမွေ့အဆင်ပြေရေး၊ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် စီမံချက်များ ချမှတ်ပြီး ဒေသဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့များဖွဲ့စည်းပေးခြင်းနှင့် လိုအပ်သောလုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

( ဂ ) အမျိုးသားကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ အောင်မြင်စွာ ဆောင်ရွက်ရန် အလို့ငှာ ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများကြီးကြပ်ကွပ်ကဲရေး လုပ်ငန်း ကော်မတီ၊ နယ်စပ်ဖြတ်ကျော်ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ် ကွပ်ကဲရေးလုပ်ငန်းကော်မတီနှင့် ဒေသဆိုင်ရာကြီးကြပ်ကွပ်ကဲရေးအဖွဲ့များအား တစ်ဖွဲ့နှင့် တစ်ဖွဲ့ ပေါင်းစပ်ညှိနှိုင်းပေးခြင်းနှင့် လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊

(ဃ) သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် မော်တော်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်

预览已结束，完整报告链接和二维码如下：
https://www.yunbaogao.cn/report/index/report?reportId=10_752609